# အထူးကုန်စည်ခွန်ကျသင့်ခြင်းနှင့် ပေးဆောင်ရန်တာဝန်ရှိခြင်း

| စဉ် | ဆောင်ရွက်မှု | ပေးဆောင်ရမည့်သူ | အခွန်နှုန်း အခြေပြုရမည့်နေ့ | အခွန်အခြေပြုတွက်ချက်ရမည့်တန်ဖိုး | ပေးဆောင်ရမည့်အချိန် | မှတ်ပုံတင်/သက်တမ်းတိုးရမည့် အချိန် | ကြေညာလွှာတင်ရမည့်အချိန် | အထူးကုန်စည်ခွန်ကျသင့်ခြင်းအတွက်တွက်ချက်မှု | ကောက်ခံရမည့်ဌာန |
|---|---|---|---|---|---|---|---|---|---|
| ၁ | တင်သွင်းခြင်း | တင်သွင်းသူ | အကောက်ခွန် ရှင်းလင်းသည့်နေ့ | ကုန်းပေါ်ရောက်တန်ဖိုး | အကောက်ခွန် ဦးစီးဌာနမှရွေး ယူခြင်းမပြုမီ | (၁) ဘဏ္ဍာရေးနှစ် အလိုက် သက်တမ်းတိုးခြင်း ဖြစ်ပါက ယင်းဘဏ္ဍာနှစ် မစတင်မီ ၃ လ<br>(၂) အခြားသောကိစ္စရပ်များ အတွက် လုပ်ငန်းစတင် သည့်နေ့မတိုင်မီ ၃ လ | ကုန်ပစ္စည်းစာရင်းကို အကောက်ခွန်ဦးစီးဌာန သို့တင်သွင်းရမည်။<br>(အကောက်ခွန်ဦးစီး ဌာနမှထုတ်ယူခြင်း မပြုမီတင်သွင်းရန်) | ကျသင့်အခွန် = ( အကောက်ခွန် စည်းကြပ်တန်ဖိုး (AV) + အကောက်ခွန် + ကျန်ချစရိတ် ) x အထူးကုန်စည်ခွန်နှုန်း<br>(ကုန်းပေါ်ရောက်တန်ဖိုး) | အကောက်ခွန် ဦးစီးဌာန |
| ၂ | ထုတ်လုပ်ခြင်း | ထုတ်လုပ်သူ | (၁)<br>ရောင်းချသည့်နေ့<br><br>(၂)<br>ထုတ်လုပ်မှုအပေါ် အခွန်ကျသင့်စေရန် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ် သည့် အထူးကုန်စည် များ ဖြစ်ပါက အထူးကုန်စည်ကို ထုတ်လုပ်သည့်နေ့ | (၁) ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့် အထူးကုန်စည် ဖြစ်ပါက သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန် များဦးစီးဌာန၊ စီမံခန့်ခွဲမှုကော်မတီတို့က အတည်ပြုသတ်မှတ်ပေးသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန ရောင်းဈေးတန်ဖိုး၊<br>(၂) ကျန်အထူးကုန်စည်ဖြစ်ပါက ထုတ်လုပ်သူကတင်ပြသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန ရောင်းဈေးတန်ဖိုးနှင့် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် မြို့နယ်အခွန် ဦးစီးဌာနမှူးက သတ်မှတ်သည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုး | (၁)<br>ရောင်းချသည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက်အတွင်း<br><br>(၂)<br>ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ် သည့် အထူး ကုန်စည်ဖြစ်လျှင် ထုတ်လုပ်သည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက်အတွင်း | အထက်ပါအတိုင်း | သက်ဆိုင်ရာ သုံးလပတ်ကုန်ဆုံးပြီး ၁၀ ရက်အတွင်း | ၁။ Tier အလွှာပါရှိသော အရက်/စီးကရက်/ဝိုင်<br>ကျသင့်အခွန် = ကုန်စည်ယူနစ်အရေအတွက် x သတ်မှတ်ဈေးကွက်ပေါက်ဈေး အလွှာအလိုက်တစ်ယူနစ်အတွက် ကျသင့်အထူးကုန်စည်ခွန်နှုန်း<br>၂။ ဘီယာ<br>ကျသင့်အခွန် = ကုန်စည်ယူနစ်အရေအတွက် x တစ်ယူနစ်သတ်မှတ်စက်ရုံရောင်းဈေး x (အထူးကုန်စည်ခွန်နှုန်း / ၁၀၀ +အထူးကုန်စည်ခွန်နှုန်း)<br>၃။ ဆေးပေါ့လိပ်(ပုဂ္ဂလိက)<br>ကျသင့်အခွန် = အလိပ် အရေအတွက် x အထူးကုန်စည်ခွန်နှုန်း<br>၄။ ကျန်အထူးကုန်စည်(၉)မျိုး (ဆေးရွက်ကြီး၊ ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး၊ ဆေးပြင်းလိပ်၊ဆေးတံသောက်ဆေးများ၊ ကွမ်းစားဆေးအမျိုးမျိုး၊ သစ်လုံးသစ်ခွဲသား များ၊ဘက်ထရီလျှပ်စစ်သုံးလူစီးယာဉ်၊ Double Cab 4 Door Pickup ကားများအပါ အဝင် Pickup ကားများမှအပ ၁၅၀၀ CC မှ ၄၀၀၀ CC နှင့်အထက် ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန်ကားများ၊ ကူပေးကားများ၊ ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ၊ သဘာဝဓာတ်ငွေ့)<br>ကျသင့်အခွန် = [ { သတ်မှတ်ကုန်စည်အရေအတွက် x သတ်မှတ်စက်ရုံရောင်းဈေး } − ကုန်သွယ်လုပ်ငန်းခွန် ] x (အထူးကုန်စည်ခွန်နှုန်း / ၁၀၀ + အထူးကုန်စည်ခွန်နှုန်း) | ပြည်တွင်းအခွန် များဦးစီးဌာန |
| ၃ | တင်ပို့ခြင်း | တင်ပို့သူ | အကောက်ခွန် ရှင်းလင်းသည့်နေ့ | ပြည်ပသို့သယ်ယူပို့ဆောင်ပေးမည့် ယာဉ်ပေါ်အရောက်တန်ဖိုး<br>(FOB Price) | တင်ပို့သည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက်အတွင်း | အထက်ပါအတိုင်း | သက်ဆိုင်ရာ သုံးလပတ်ကုန်ဆုံးပြီး ၁၀ ရက်အတွင်း | ၁။ သစ်လုံး၊ သစ်ခွဲသားများ<br>ကျသင့်အခွန် = ကုန်သွယ်လုပ်ငန်းခွန် မပါရောင်းရငွေ x (အထူးကုန်စည်ခွန်နှုန်း / ၁၀၀ + အထူးကုန်စည်ခွန်နှုန်း)<br>(ကုန်သွယ်လုပ်ငန်းခွန်မကျသင့်ပါက FOB Price) | ပြည်တွင်းအခွန် များဦးစီးဌာန |
| ၄ | လက်ဝယ် ထားရှိခြင်း | လက်ဝယ် ထားရှိသူ | စစ်ဆေးတွေ့ရှိ သည့်နေ့ | စိစစ်တွေ့ရှိသည့်အချိန်၌ ရောင်းချနေသည့် တန်ဖိုး (သို့မဟုတ်) ဈေးကွက်ပေါက်ဈေး | စိစစ်တွေ့ရှိသည့်နေ့မှ ၇ ရက်အတွင်း | - | - | အခွန်မပေးဆောင်ထားသည့် အထူးကုန်စည်တန်ဖိုး၏ ၁၀၀% ပေးဆောင် ရမည့်အပြင် ယင်းကုန်စည်များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူမည်။ | ပြည်တွင်းအခွန် များဦးစီးဌာန |

## ရည်ရွယ်ချက်

ပြည်ထောင်စု၏အခွန်အကောက်ဥပဒေဖြင့် နှစ်စဉ်ပြဋ္ဌာန်း သတ်မှတ်ထားသည့် အထူးကုန်စည်ခွန်ကျသင့်သော ကုန်စည်အမျိုးအစားများနှင့် ယင်းကုန်စည်များကို ပြည်တွင်းသို့တင်သွင်းခြင်း ၊ပြည်တွင်း၌ထုတ်လုပ်ခြင်း၊ ပြည်ပသို့တင်ပို့ခြင်း ဆောင်ရွက်သည့်အခါ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များကို အခွန်ထမ်းပြည်သူများ ရှင်းလင်းစွာ သိရှိနားလည်နိုင်စေရန်ဖြစ်ပါသည်။




**အထူးကုန်စည်**ဆိုသည်မှာ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် အထူးကုန်စည်ခွန်ကျသင့်စေမည့် အထူးကုန်စည်များကို ဆိုလိုသည်။

## အထူးကုန်စည်ခွန်ကျသင့်သောကုန်စည်အမျိုးအစားများ

ပြည်ထောင်စု၏အခွန်အကောက်ဥပဒေဖြင့် နှစ်စဉ်ပြဋ္ဌာန်းသတ်မှတ်ထားသည့် အထူးကုန်စည်ခွန်ကျသင့်သော ကုန်စည်အမျိုးအစားများမှာ-

- စီးကရက်အမျိုးမျိုး၊
- ဆေးရွက်ကြီး၊
- ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး၊
- ဆေးပေါ့လိပ်၊
- ဆေးပြင်းလိပ်၊
- ဆေးတံသောက်ဆေးများ၊
- ကွမ်းစားဆေးအမျိုးမျိုး၊
- အရက်အမျိုးမျိုး
- ဘီယာအမျိုးမျိုး



- ဝိုင်အမျိုးမျိုး၊
- သစ်လုံး၊ သစ်ခွဲသားများ၊
- ဘက်ထရီ လျှပ်စစ်သုံးလူစီးယာဉ်၊ Double Cab 4 Door Pickup ကားများ အပါအဝင် Pickup ကားများမှအပ ၁၅၀၁ CC မှ ၄၀၀၀ CC နှင့်အထက် ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wag-on) ကားများ၊ ကူပေး (Coupe) ကားများ၊
- ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ၊
- သဘာဝဓာတ်ငွေ့။

အထူးကုန်စည် (၁၄)မျိုးအနက် သစ်လုံး၊ သစ်ခွဲသားများမှတစ်ပါး ကျန်အမျိုးအစားများအား ပြည်ပသို့တင်ပို့လျှင် အထူးကုန်စည်ခွန် လုပ်ငန်းရှင်အဖြစ် မှတ်ပုံတင်ရန် မလိုအပ်ပါ။

## အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရမည့် ကုန်စည်အမျိုးအစားများ

အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရမည့် အထူးကုန်စည်များမှာ-

- စီးကရက်အမျိုးမျိုး၊
- ဆေးပေါ့လိပ်အမျိုးမျိုး၊
- ဆေးပြင်းလိပ်အမျိုးမျိုး၊
- အရက်အမျိုးမျိုး၊
- ဝိုင်အမျိုးမျိုး။

သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများက ပြည်တွင်း၌ထုတ်လုပ်ရောင်းချသည့် ဆေးရွက်ကြီး၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ် ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေစုစုပေါင်း ကျပ်သိန်း(၂၀၀)တိတိထက်မပိုလျှင် အထူးကုန်စည်ခွန် စည်းကြပ်ခြင်းမပြုရသော်လည်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရမည်ဖြစ်သည့်အတွက် အခွန်အမှတ်တံဆိပ်ထုတ်ယူရန် လုပ်ငန်းရှင်အဖြစ် မှတ်ပုံတင်ရမည်ဖြစ်ပါသည်။



## ပေးဆောင်ရန်တာဝန်ရှိသူ

အထူးကုန်စည်ကို-

- ပြည်တွင်းသို့တင်သွင်းခြင်းဖြစ်ပါက ➡ တင်သွင်းသူ
- ပြည်တွင်း၌ ထုတ်လုပ်ခြင်းဖြစ်ပါက ➡ ထုတ်လုပ်သူ
- ပြည်ပသို့ တင်ပို့ခြင်းဖြစ်ပါက ➡ တင်ပို့သူ
- အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ထားရှိခြင်းဖြစ်ပါက ➡ လက်ဝယ်ထားရှိသူ

## တန်ဖိုးအဆင့်သတ်မှတ်ခြင်း

- ဘက်ထရီလျှပ်စစ်သုံးလူစီးယာဉ်၊ အထူးကုန်စည်ခွန်ကျသင့်သော Internal Combustion Engine (ICE)သုံးမော်တော်ယာဉ်များနှင့် ကျန်အထူးကုန်စည်ခွန် ကျသင့်သောကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ခြင်းဖြစ်ပါက ထုတ်လုပ်သူသည် မိမိထုတ်လုပ်မည့်အထူးကုန်စည်များကို တန်ဖိုးအဆင့်သတ်မှတ်နိုင်ရန်အတွက် သက်ဆိုင်ရာအခွန်ရုံးများမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာနထံ ပတခ(အထခ)-၀၄-၁၀ ဖြင့် လျှောက်ထားရမည်ဖြစ်ပါသည်။



## ကင်းလွတ်ခွင့်နှင့် သက်သာခွင့်




အောက်ဖော်ပြပါအထူးကုန်စည်များအတွက် အခွန်မကျသင့်ပါ-

- ပြည်ပသို့တင်ပို့မှုအပေါ် အခွန်ကျသင့်စေရန် သတ်မှတ်ထားသော အထူးကုန်စည်များမှတစ်ပါး ပြည်ပသို့တင်ပို့သော အထူးကုန်စည်များ၊
- ပြည်ပသို့တင်ပို့မှုအပေါ် အခွန်ကျသင့်စေရန် သတ်မှတ်ထားသော အထူးကုန်စည်များမှတစ်ပါး ခရီးသွားသူများအား အခွန်လွတ်အရောင်းဆိုင်မှ ရောင်းချသည့် အထူးကုန်စည်များ၊
- ပြည်ပသို့တင်ပို့မှုအပေါ် အခွန်ကျသင့်စေရန် သတ်မှတ်ထားသော အထူးကုန်စည်များမှတစ်ပါး ပြည်ပသို့ ပျံသန်းပြေးဆွဲနေစဉ် လေယာဉ် (သို့) သင်္ဘောပေါ်တွင် ရောင်းချသည့် အထူးကုန်စည်များ၊
- ယာယီအသုံးပြုရန် ရည်ရွယ်ချက်ဖြင့် ပြည်တွင်းသို့တင်သွင်းလာပြီး အကောက်ခွန်သတ်မှတ်ချက်နှင့်အညီ ပြန်လည်တင်ပို့မည့် အထူးကုန်စည်များ၊
- ပြည်တွင်းပြည်ပ အလှူရှင်များမှ ပြည်တွင်း၌ လှူဒါန်းရန်အတွက် တင်သွင်းသော (သို့) ပြည်တွင်း၌ ထုတ်လုပ်သော အထူးကုန်စည်များ၊
- အပြည်ပြည်ဆိုင်ရာဥပဒေ (သို့) သံတမန်ဆိုင်ရာ ကွန်ဗင်းရှင်းများအရ ကင်းလွတ်ခွင့်ရရှိသူတို့အတွက် တင်သွင်းလာသည့်အထူးကုန်စည်များ၊
- ပြည်ပသို့ထွက်ခွာမည့်လေယာဉ်များတွင် အသုံးပြုမည့် လောင်စာဆီများ။



ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ဖော်ပြပါကိစ္စရပ်များအတွက် အခွန်ကင်းလွတ်ခွင့် (သို့) သက်သာခွင့်ပြုနိုင်သည်-

- ပြည်ပအဖွဲ့အစည်းများမှ နိုင်ငံတော်သို့ အထောက်အပံ့အဖြစ်ပေးအပ်သော (သို့) အထောက်အပံ့ရရှိငွေဖြင့် ဝယ်ယူသည့် အထူးကုန်စည်များ၊
- တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် အခွင့်အရေးမူတွင် ပါဝင်သည့် အထူးကုန်စည်များ၊
- ကျွန်းနှင့်သစ်မာသစ်လုံးများ၊ သတ်မှတ်ချက်နှင့်အညီအခြေခံအဆင့်သာ ခွဲစိတ်ထားသောကျွန်းနှင့် သစ်မာသစ်ခွဲသားများမှအပ နိုင်ငံတော်၏ လုံခြုံရေးနှင့် ကာကွယ်ရေးအဖွဲ့အစည်းများ အသုံးပြုရန် ကိုယ်တိုင်ထုတ်လုပ်သော၊ တင်သွင်းလာသော (သို့) ဝယ်ယူသော အထူးကုန်စည်များ။

**မှတ်ချက်။** အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) (သို့) ပြန်လျော့ အကောက်ခွန် (Drawback) စနစ်ဖြင့် တင်သွင်းလာသော ကုန်စည်များကို သတ်မှတ်ကာလအတွင်း ပြန်လည်တင်ပို့ခြင်းမပြုဘဲ ပြည်တွင်းသုံးစွဲခြင်းဖြစ်ပါက မူလကင်းလွတ်ခွင့်ပြုခဲ့သော အထူးကုန်စည်ခွန်ကို ပြန်လည်ပေးဆောင်ရမည်။




# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## အထူးကုန်စည်ခွန်ထမ်းဆောင်ရာတွင် သိရှိလိုက်နာဆောင်ရွက်ကြရမည့် အချက်များ




S G T

၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**ရုံးအမှတ်(၄၆)၊ နေပြည်တော်**
**https://www.ird.gov.mm**

**Tax by the Law, Service by Our Heart**

## ခုနှိမ်ခြင်း

- အထူးကုန်စည်ကို ထုတ်လုပ်သူ (သို့) တင်ပို့သူသည် ကျသင့်အခွန်မှ ထုတ်လုပ်မှုနှင့် တင်ပို့မှုအတွက် အသုံးပြုရန် ပြည်တွင်းသို့ ကိုယ်တိုင် ဝယ်ယူတင်သွင်းသော အထူးကုန်စည်များ၏ ကုန်းပေါ်ရောက်တန်ဖိုးအပေါ် ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်ကိုဖြစ်စေ၊ အခြားကုန်စည်ထုတ်လုပ်သူထံမှ ကိုယ်တိုင်ဝယ်ယူစဉ်က ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်ကိုဖြစ်စေ ခုနှိမ်နိုင်ပါသည်။
- ကုန်စည်ထုတ်လုပ်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သည့်အခါ လေလွင့်လျော့နည်းသွားသည့် (Shrinkage) ကုန်စည်များ (သို့) လုပ်ငန်းလည်ပတ်ရန် အသုံးပြုလိုက်ရသည့် ကုန်စည်များအတွက် ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်ကို ခုနှိမ်နိုင်ပါသည်။

## ခုနှိမ်ခွင့်မပြုသည့်ကိစ္စရပ်များ

အောက်ပါကိစ္စရပ်များတွင် အခွန်ခုနှိမ်ခွင့်မရှိစေရ-

- ဆောင်ရွက်သည့်လုပ်ငန်း၏ ပုံသေပိုင်ပစ္စည်း (သို့) မတည်အပိုင်ပစ္စည်းများအတွက် ပေးဆောင်ခဲ့ရသည့်အထူးကုန်စည်ခွန်၊
- အစီရင်ခံသည့်ကာလ တစ်ခုကုန်ဆုံးချိန်အထိ ကုန်သွယ်မှုစာရင်းအရ ရောင်းချခြင်းမပြုရသေးသည့် အထူးကုန်စည်များအတွက် ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်၊
- ပျက်စီးဆုံးရှုံးသွားသည့် အထူးကုန်စည်များ၊ ရောင်းချခြင်းမပြုရသေးသည့် အထူးကုန်စည်များအတွက် ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်၊

လုပ်ငန်းမှတ်ပုံတင်ရရှိသူသည် အောက်ပါကိစ္စရပ်များတွင် အခွန်ခုနှိမ်ခွင့်မရှိစေရ-

- ပြည်တွင်းထုတ်လုပ်သူထံမှ တိုက်ရိုက်ဝယ်ယူသည့် (သို့) ပြည်တွင်းသို့ ကိုယ်တိုင်တင်သွင်းထားသည့် အထူးကုန်စည်များအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားမှုမရှိခြင်း၊
- ပြည်တွင်းထုတ်လုပ်ရောင်းချသူထံမှ တိုက်ရိုက်ဝယ်ယူသည့်ကိစ္စတွင် ကျသင့်အထူးကုန်စည်ခွန်ကို ထုတ်လုပ်ရောင်းချသူက ပေးဆောင်ထားမှုမရှိခြင်း။



## ပျက်ကွက်မှုအတွက် ပြစ်ဒဏ်များ

| စဉ် | ပျက်ကွက်မှုများ | ပြစ်ဒဏ်များ |
|---|---|---|
| (က) | • မှတ်ပုံတင်ရန် ပျက်ကွက်ခြင်း<br>• အခွန်ထမ်းဆိုင်ရာသတင်း အချက်အလက်များပြောင်းလဲမှုကို အကြောင်းကြားရန်ပျက်ကွက်ခြင်း ( ၁၅ ရက်အတွင်း )<br>• အခွန်ထမ်းမှတ်ပုံတင်ပယ်ဖျက်ခြင်းကို လျှောက်ထားရန် ပျက်ကွက်ခြင်း | ပေးဆောင်ရမည့်အခွန်၏ ၁၀ % ဒဏ်ကြေးငွေ |
| (ခ) | တောင်းခံသည့် သတင်းအချက်အလက်တင်သွင်းရန်ပျက်ကွက်ခြင်း | ဒဏ်ငွေကျပ် သိန်း ၅၀ |
| (ဂ) | အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို ရရှိပိုင်ဆိုင်ထားခြင်း | ကုန်စည်တန်ဖိုး၏ ၁၀၀ % ဒဏ်ငွေ အပြင် ကုန်စည်ကိုပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်း |
| (ဃ) | သတ်မှတ်ကာလအတွင်း အခွန်ပေးဆောင်ရန် ပျက်ကွက်ခြင်း | ပေးဆောင်ခြင်းမရှိသေးသည့် အခွန်၏ ၁၀ % ဒဏ်ကြေးငွေ |
| (င) | ကြေညာလွှာနောက်ကျတင်သွင်းခြင်း | အောက်ပါဒဏ်ကြေးငွေနှစ်ရပ်အနက်မှ များရာဒဏ်ကြေးငွေ-<br>၁။ ပေးဆောင်ရမည့်အခွန်ပမာဏ၏ ၅% အပြင် ဆက်လက်ပျက်ကွက်နေသည့် တစ်လချင်းစီအတွက်(သို့)တစ်လ၏အစိတ်အပိုင်းအတွက် ပေးဆောင်ရမည့်အခွန်ပမာဏ၏ ၁ %၊<br>၂။ ငွေကျပ် ၁၀၀၀၀၀/- |
| (စ) | သတ်မှတ်အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရန်ပျက်ကွက်ခြင်း | ထုတ်လုပ်သူက အထူးကုန်စည်တန်ဖိုး၏ ၅၀ % ဒဏ်ငွေ |

**မှတ်ချက်။** အထက်ပါပျက်ကွက်မှုအလိုက် ပြစ်ဒဏ်များအပြင် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေပုဒ်မ ၆၆(က)၊ ၆၈၊ ၆၉၊ ၇၀ (က) (ခ)၊ ၇၁၊ ၇၂၊ ၇၃၊ ၇၇ နှင့် ၇၈(က)ပါ ပြစ်ဒဏ်များလည်း ကျခံရနိုင်ပါသည်။



## ဆုငွေချီးမြှင့်ခြင်း

ကျသင့်အခွန်ပေးဆောင်ထားခြင်းမရှိသည့် အထူးကုန်စည်ကို ဖမ်းဆီးရရှိပါက-

- ကောက်ခံရ ဒဏ်ကြေးငွေ၏ ၃၀ ရာခိုင်နှုန်းကို ရှာဖွေဖမ်းဆီးသည့် အဖွဲ့သို့ ဆုငွေအဖြစ်လည်းကောင်း၊
- ၂၀ ရာခိုင်နှုန်းကို သတင်းပေးတင်ပြသူအား ဆုငွေအဖြစ်ချီးမြှင့်ပါမည်။ သတင်းပေးသူ မည်သူမည်ဝါဖြစ်ကြောင်း အစိုးရကိစ္စမှတစ်ပါး လျှို့ဝှက်ထားပေးမည် ဖြစ်ပါသည်။

## ကျေးဇူးတင်လွှာ

နိုင်ငံတော်အစိုးရသည် အခွန်အကောက်ရငွေများဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းတံတားတည်ဆောက်ခြင်း၊ ပညာရေး၊ ကျန်းမာရေးအစရှိသည့်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပါ၍ နိုင်ငံသားများအနေဖြင့် ဥပဒေအရ ကျသင့်သည့် အခွန်များအား နိုင်ငံကြီးသားပီသစွာဖြင့် မှန်မှန်ကန်ကန်၊ ပြည့်ပြည့်ဝဝ ပေးဆောင်ကြပါရန် တိုက်တွန်းအပ်ပါသည်။

တည်ဆဲအခွန်ဆိုင်ရာဥပဒေများနှင့်အညီ အခွန်ပေးဆောင်ကြသော လုပ်ငန်းရှင် အခွန်ထမ်းပြည်သူများအား အထူးကျေးဇူးတင်ရှိပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

အသေးစိတ်သိရှိလိုပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး(ရန်ကုန်) အမှတ်-၁၂၈/ ၁၃၂၊ ဒုတိယထပ်နှင့်တတိယထပ်၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂၊ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)၊ လမ်း ၆၀၊ ၁၀၁(A) x ၁၀၂ လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ ဖုန်း-၀၂-၄၀၃၀၁၉၂၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်)၊ ရုံးအမှတ်(၄၆)၊ ဖုန်း-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄ သို့မဟုတ် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm သို့ ဝင်ရောက်ကြည့်ရှုလေ့လာပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လက်ကမ်းစာစောင်နှင့် ပုံစံများကိုလည်း download ရယူနိုင်ပါသည်။